**၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့၌ ရန်ကုန်မြို့ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးတွင် ကျင်းပခဲ့သည့် လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအစည်းအဝေးမှတ်တမ်း**

**ရည်ရွယ်ချက်**

လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား အောက်ပါရည်ရွယ်ချက်များဖြင့် ရည်ရွယ်ကျင်းပခဲ့သည် -

- MEITI Work Plan နှင့် Longer Term Work Plan အား ဆွေးနွေးရန် နှင့်
- MEITI Implementation Structure အား ဆွေးနွေးရန်

**အစည်းအဝေးတက်ရောက်သူများ**

အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် (၄) ဦး၊ လုပ်ငန်းရှင်ကိုယ်စားလှယ် (၃) ဦး၊ အရပ်ဘက်ကိုယ်စားလှယ် (၃) ဦး၊ ကမ္ဘာ့ဘဏ်မှ (၂) ဦး၊ MOBD (၄) ဦး၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး မှ (၈) ဦး စသဖြင့် စုစုပေါင်း (၂၄) ဦး တက်ရောက်ခဲ့သည်။ တက်ရောက်သူစာရင်းအသေးစိတ်အား နောက်ဆက်တွဲ (၁) တွင် ဖော်ပြထားသည်။

**ဆွေးနွေးချက်များ**

၁။ MEITI Work Plan အား အသစ်ထွက်ရှိလာသည့် ၂၀၁၉ EITI Standard လိုအပ်ချက်များ၊ Validation အတွက် လိုအပ်သည့် Corrective Actions များပါဝင်မည့် လုပ်ငန်းအစီအစဉ်ဖြစ်စေရန်၊ International EITI Secretariat ရုံး၏ Work Plan Guidance နှင့်အညီ ရေးဆွဲရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အပြင် ရေတိုလုပ်ငန်းစဉ်များအတွက် အစီအစဉ်ရေးဆွဲထားရမည်ဖြစ်သကဲ့သို့ ရေရှည်အတွက်လည်း လုပ်ငန်းအစီအစဉ်လျာထားရမည်ဖြစ်ကြောင်း ညှိနှိုင်းရေးမှူးရုံးမှ ကနဦးတင်ပြခဲ့သည်။

၂။ Work Plan Guidance အရ လုပ်ငန်းအစီအစဉ်တွင် ယခင်လုပ်ငန်းစဉ်များတင်မကဘဲ Output နှင့် Indicator များအား Timeline နှင့်အညီ ထည့်သွင်းရေးဆွဲရန်လိုအပ်မည်ဖြစ်ကြောင်း ညှိနှိုင်းရေးမှူးရုံးမှ တင်ပြခဲ့ပြီး ပြီးခဲ့သည့် ဇူလိုင်လ (၂၉-၃၀) တွင် ကျင်းပခဲ့သည့် Work Plan Review Workshop ၌ ဆွေးနွေးခဲ့သည့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၁၀) ခုမှ အရေးကြီးသည့်လုပ်ငန်းစဉ်များကို ဦးစားပေးထည့်သွင်းရေးဆွဲရန် အစိုးရကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခဲ့သည်။ နည်းပညာအကြံပေးဖြစ်သူကလည်း Corrective Actions များအား ကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

၃။ MOBD မှ တာဝန်ရှိသူများက လက်ရှိဘက်ဂျက်အရ Cost Extension အား တင်ထားသော်လည်း အမှန်တကယ်မရရှိသေးသဖြင့် ကျန်ရှိနေသည့် ဘက်ဂျက်အနေဖြင့် ဒေါ်လာ ၈၀,၀၀၀ ခန့်သာရှိတော့ကြောင်း၊ အချို့လုပ်ငန်းစဉ်များဖြစ်သည့် (၅) ကြိမ်မြောက်အစီရင်ခံစာအတွက် ကုန်ကျမည့်စရိတ်များ၊ Mining Cadastre Phase II အတွက် အကြံပေးငှားရမ်းမည့်ကုန်ကျစရိတ်၊ MSG အစည်းအဝေးနှင့် လုပ်ငန်းခွဲကော်မတီအစည်းအဝေးများအတွက် ဒေါ်လာ ၁ သန်းဝန်းကျင်ခန့်သည့် မဖြစ်မနေ လျာထားရကြောင်း၊ ထိုထဲမှ ဒေါ်လာ ၅ သောင်းခန့်နှင့် Mining Cadaster မှ ၂ သောင်းဝန်းကျင်ခန့်ပိုမိုနိုင်သဖြင့် ဒေါ်လာ ၈ သောင်းခန့်ရှိနေသေးကြောင်း၊ စက်တင်ဘာလကုန်၌ Cost Extension ရရှိခဲ့ပါက အဆိုပါ ပမာဏမှ ပုံမှန်အတိုင်း လုပ်ငန်းစဉ်များအား ဆက်လက်လျာထားအသုံးပြုနိုင်ကြောင်း တင်ပြခဲ့သည်။ ဘက်ဂျက်လျာထားပမာဏနှင့် အမှန်တကယ်အသုံးစရိတ်များအား အောက်ပါအတိုင်းအသေးစိတ်ဖော်ပြထားသည် -

**Statement of Sources and Uses of Funds up to 31st July 2019**

| Date | Particular | USD | MMK | Equivalent USD | Total (USD) | % of total grant |
|---|---|---|---|---|---|---|
| **Grant** | | | | | **3,500,000.00** | **100%** |
| **Sources** | | | | | | |
| | Opening Balance | | 3,839.18 | | | |
| 2017-03-24 | USD A/C with MEB (Cash Received from WB) | 95,000.00 | - | - | 95,000.00 | |
| 2017-03-30 to 2019-01-24 | MMK A/C with MEB ( Cash Received from WB) | - | 1,599,830,000.00 | 1,117,859.86 | 1,117,859.86 | |
| 26-10-17 to 31-7-2019 | Direct Payment through WB | 969,488.87 | - | - | 969,488.87 | |
| **Total Sources** | | **1,064,488.87** | **1,599,833,839.18** | **1,117,859.86** | **2,182,348.73** | **62.35%** |
| **Uses** | | | | | | |
| 26-10-17 to 31-7-2019 | Direct Payment through WB | 969,488.87 | - | - | 969,488.87 | |
| Up to 31-7-2019 | Actual Expenses | 56,164.00 | 1,070,523,157.97 | 767,564.34 | 823,728.34 | |
| **Total Uses** | | **1,025,652.87** | **1,070,523,157.97** | **767,564.34** | **1,793,217.21** | **51.23%** |
| 2019-07-31 | Cash at Bank | 38,836.00 | 471,170,585.61 | 313,891.91 | 352,727.91 | |
| 2019-07-31 | Advance | 15,795.00 | 58,140,095.60 | 37,844.73 | 53,639.73 | |
| | | | | | 1,317,651.27 | 37.65% |

## Actual Expenditure by Category

| Expenditure Category | Current Grant | Actual Expenditure Up to 31-7-2019 (FIFO) | Not Yet Claimed | Balance | Committed in Procurement Processes | Remaining Balance for other activities |
|---|---|---|---|---|---|---|
| General Expenses 5th Report, Mining Cadastre Phase II, MSG, Sub Committee | 2,564,000 | 1,329,891 | 77,664 | 1,156,445 | 1,107,000 | 49,445 |
| MOBD Operating Cost ( 31-3-2021) | 122,000 | 20,256 | 675 | 101,069 | | |
| NCS Operating Cost (30-9-2020) | 814,000 | 443,070 | 46,141 | 324,789 | | |
| TOTAL | 3,500,000 | 1,793,217 | 124,480 | 1,582,303 | | |
| Anticipated in September 2019 | | | | | | 500,000 |
| | | | | | | **549,445** |

## Direct Payment for Consultants (USD) of MEITI Project Phase-II (Up to Date)

| No. | Description | Contract Amount | Settlement | | | | Remaining Amount |
|---|---|---|---|---|---|---|---|
| | | | First | Second | Third | Total Paid | |
| 1 | **Main IA** | 276,850.00 | 110,740.00 | 83,055.00 | 77,095.00 | 270,890.00 | 5,960.00 |
| 2 | **Mining Cadastre** | 120,030.00 | 40,017.00 | 40,024.00 | 39,084.15 | 119,125.15 | |
| 3 | **Forestry** | 160,000.00 | 48,000.00 | 80,000.00 | 32,000.00 | 160,000.00 | - |
| 4 | **Beneficial Ownership** | 120,000.00 | 36,000.00 | 42,000.00 | 42,000.00 | 120,000.00 | - |
| 5 | **Pre Cadastre** | 42,300.00 | 12,600.00 | 15,000.00 | 13,790.00 | 41,390.00 | 910.00 |
| 6 | **Contribution** | 10,000.00 | 10,000.00 | | | 10,000.00 | - |
| 7 | **PWC** | 248,425.00 | 99,370.00 | 74,527.50 | 74,186.22 | 248,083.72 | 341.28 |
| **Total** | | **977,605.00** | **356,727.00** | **334,606.50** | **278,155.37** | **969,488.87** | **7,211.28** |

၄။ အစိုးရကိုယ်စားလှယ်တစ်ဦးကလည်း ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအနက်မှ Validation လုပ်ငန်းစဉ်မှ Corrective Actions များ၊ အစီရင်ခံစာများမှ အကြံပြုတိုက်တွန်းချက်များ၊ Extractive Sector SOE Reform လုပ်ငန်းစဉ်များအား ပေါင်း၍ ဆောင်ရွက်သင့်ကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအား ၂၀၁၉ ခုနှစ် အချိန်မီဆောင်ရွက်သင့်ကြောင်း၊ ထို့နောက်မှ 2019 EITI Standard Awareness Raising နှင့် Project Level Reporting လုပ်ငန်းစဉ်များအား ဒုတိယဦးစားပေးအနေဖြင့် ဆောင်ရွက်ရန် အကြံပြုခဲ့သည်။

၅။ အရပ်ဘက်ကိုယ်စားလှယ်များကလည်း Work Plan အား အသေးစိတ်သေချာဆွေးနွေးပြီး ရေးဆွဲရမည်ဖြစ်သဖြင့် အချိန်ယူသင့်ကြောင်း၊ ထို့အတွက် Work Plan ရေးဆွဲရန် Timeline တစ်ခုသတ်မှတ်၍ ဆောင်ရွက်သင့်ကြောင်း၊ အရပ်ဘက်မှလည်း Work Plan နှင့်ပတ်သက်ပြီး ကျွမ်းကျင်သည့်သူများကို ဆွေးနွေးသည့်အခါ ပူးပေါင်းပါဝင်စေမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

၆။ ညှိနှိုင်းရေးမှူးရုံးမှလည်း Work Plan structure မူကြမ်းအား ပြင်ဆင်၍ Work Plan and Governance ကော်မတီသို့ ဖြန့်ဝေသင့်ကြောင်း၊ ထို့နောက် ကော်မတီမှ တာဝန်ရှိသူများအပါအဝင် ကျွမ်းကျင်သူများမှ အဆိုပါမူကြမ်းအပေါ်အခြေခံ၍ အသေးစိတ်ဆွေးနွေးပြီး ထိုဆွေးနွေးထားသည့် အသေးစိတ်မူကြမ်းအား လုပ်ငန်းခွဲကော်မတီအစည်းအဝေးတွင် ထပ်မံဆွေးနွေးပြီး အတည်ပြုသင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

၇။ Work Plan ရေးဆွဲသည့်အခါ အဆင်ပြေလွယ်ကူရန်အတွက် MOBD မှ ၂၀၁၆ ခုနှစ်မှ ယခုအချိန်အထိ အမှန်ကုန်ကျစရိတ်များအား ပြုစုရန်နှင့် ညှိနှိုင်းရေးမှူးရုံးမှ ခန့်မှန်းကုန်ကျစရိတ်များအား ပြုစုပေးရန်လည်း ကိုယ်စားလှယ်များက ညွှန်ကြားခဲ့သည်။ ထို့နောက် နောက်တစ်ကြိမ်ကျင်းပမည့် လုပ်ငန်းအစီအစဉ်နှင့် စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအစည်းအဝေးအား ပြန်လည်ရေးဆွဲမည့်လုပ်ငန်းအစီအစဉ်မူကြမ်းပြီးစီးနိုင်မည့် ၁၃-၉-၂၀၁၉ ရက်နေ့အား ကျင်းပရန် ရွေးချယ်ခဲ့သည်။

၈။ ထို့နောက် ယခုလက်ရှိဘတ်ဂျက်မှ Remaining Budget အပါအဝင် ဒေါ်လာ ၈၀,၀၀၀ ခန့်မှ သုံးစွဲနိုင်ရန်အတွက် Cost Extension မရသေးခင်ကာလအတွင်း စတင်ဆောင်ရွက်နိုင်ရန်အတွက် (၄) ကြိမ်မြောက် အစီရင်ခံစာထုတ်ပြန်ကြေညာခြင်းအခမ်းအနား၊ ၄ ကြိမ်မြောက်အစီရင်ခံစာနှင့် ၂၀၁၉ EITI စံနှုန်းဘာသာပြန်ခြင်းနှင့်ပုံနှိပ်ခြင်း၊ ဒုတိယအကြိမ် SOE အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းကဲ့သို့သော လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းရေးမှူးရုံးမှ ခန့်မှန်းကုန်ကျစရိတ်အား ပြုစု၍ Work Plan and Governance Sub-committee ထံသို့ ဖြန့်ဝေ၍ သဘောထားမှတ်ချက်ရယူရန်၊ ယင်းသဘောတူထားသည့် လုပ်ငန်းစဉ်အသေးစိတ်ကိုလည်း အစည်းအဝေးဆုံးဖြတ်ချက်နှင့်အတူ ပူးတွဲဖြန့်ဝေရန် ဆွေးနွေးခဲ့သည်။

၉။ ဒုတိယအကြိမ် SOE Workshop အား ကျင်းပရန်ဆွေးနွေးရာ၌ ပထမအကြိမ်အစီရင်ခံစာအား သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့နှင့်သက်ဆိုင်ရာဌာနများထံသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ အဆိုပါအစီရင်ခံစာပါမှတ်ချက်များနှင့် အကြံပြုချက်များအား ဒုတိယအကြိမ်၌ ပြန်လည်ဆွေးနွေးနိုင်ရန်နှင့် ဒုတိယအကြိမ်အတွက် အကြိုညှိနှိုင်းအစည်းအဝေးများအား သက်ဆိုင်ရာဌာနများနှင့်တွေ့ဆုံညှိနှိုင်းရန်ရှိကြောင်း ညှိနှိုင်းရေးမှူးရုံးမှ တင်ပြခဲ့သည်။ ထို့နောက် ကိုယ်စားလှယ်များက အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပပြီးယုံဖြင့် အောက်မြင်သည်ဟုမဆိုနိုင်ကြောင်း ၊ အမှန်တကယ်ဆောင်ရွက်သင့်သည့် Action Plan များ ထွက်ပေါ်လာမှသာ အချိန်ကုန်ရကျိုးနပ်မည်ဖြစ်ကြောင်း၊ ထို့အတွက် သေချာစီစဉ်သင့်ကြောင်း၊ အစီရင်ခံစာပါအကြံပြုချက်များကိုလည်း မည်မျှဖြေရှင်းပြီးသည်ကိုလည်း Follow up လုပ်သင့်ကြောင်း၊ ယခင်အလုပ်ရုံဆွေးနွေးပွဲပြီးနောက် ပြောင်းလဲသွားသည့်အခြေအနေများလည်းရှိနိုင်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။

၁၀။ ထို့နောက် အဆိုပါအလုပ်ရုံဆွေးနွေးပွဲအား ရေနံနှင့်သဘာဝဓါတ်ငွေ့ကဏ္ဍကျွမ်းကျင်သူဖြစ်သည့် NoRAD မှ Mr. Vidar Ovesen မြန်မာနိုင်ငံလာရောက်သည့်အချိန်နှင့်လည်း ချိန်ကိုက်ဆောင်ရွက်နိုင်ရန်လည်းဆွေးနွေးခဲ့ကြသည်။ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည့် Mining Decentralization နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပနိုင်ရန်အတွက် ပြီးခဲ့သည့် ၂၃ ကြိမ်မြောက်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့အစည်းအဝေးက ဆုံးဖြတ်ခဲ့ကြောင်း၊ အဆိုပါဆုံးဖြတ်ချက်အရ အလုပ်ရုံဆွေးနွေးပွဲကျင်းပရမည်ဖြစ်သဖြင့် အောက်တိုဘာ (၇-၈) ရက်နေ့အား ကျင်းပရန် အကြမ်းပြင်းသဘောတူခဲ့ကြသည်။

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

လုပ်ငန်းအစီအစဉ်နှင့်စီမံအုပ်ချုပ်မှုလုပ်ငန်းခွဲကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များ

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၊ ရန်ကုန်

| စဉ် | ဆုံးဖြတ်ချက်များ | ဆောင်ရွက်မည့်သူ | ဆောင်ရွက်မည့်အချိန် |
|---|---|---|---|
| ၁ | (ဖ) ကြိမ်မြောက်အစီရင်ခံစာအတွက် IA ခေါ်မည့် လုပ်ငန်းစဉ်အတွက် စတင်ပြင်ဆင်ရန် | MSG<br>MOBD<br>NCS | |
| ၂ | EITI မှ ပြဋ္ဌာန်းထားသည့် Work Plan Guidance နှင့်အညီ Work Plan Structure အတိုင်း ရေးဆွဲရန် နှင့် အောက်ပါ Timeline အတိုင်း အကောင်အထည်ဖော်ရန် သဘောတူသည် -<br>• Work Plan ရေးဆွဲသည့်အခါ Output နှင့် Indicator များပါ ထည့်သွင်းရေးဆွဲရန်<br>• NCS မှ အဆိုပါ Work Plan Structure မူကြမ်းအား ရေးဆွဲ၍ Work Plan and Governance Sub-committee သို့ **စက်တင်ဘာလ (၃) ရက်နေ့** နောက်ဆုံးထား၍ ဖြန့်ဝေပြီး သဘောထား မှတ်ချက်ရယူရန်<br>• Work Plan and Governance ကော်မတီအပါအဝင် ကျွမ်းကျင်သူများ မှ အဆိုပါ Work Plan Structure မူကြမ်း အပေါ်အခြေခံ၍ အသေးစိတ်အား **စက်တင်ဘာလ (၄) ရက်နေ့** မှ စတင် ဆွေးနွေးရေးဆွဲရန်<br>• ဆွေးနွေးထားသည့် Work Plan မူကြမ်းအား **စက်တင်ဘာလ (၁၀) ရက်နေ့တွင်** Work Plan and Governance Sub-committee သို့ ဖြန့်ဝေရန်<br>• **စက်တင်ဘာလ (၁၃) ရက်နေ့တွင်** ကျင်းပမည့် Work Plan and Governance Sub-committee အစည်းအဝေး တွင် ယင်း Work Plan မူကြမ်းအား ဆွေးနွေးရန် | WPG Sub-committee<br>MOBD<br>NCS | |
| ၃ | Work Plan ရေးဆွဲသည့်အခါ MOBD နှင့် NCS တို့မှ အောက်ပါအတိုင်း ပံ့ပိုးရန်<br>• MOBD မှ ၂၀၁၆ မှ ယခုအချိန်အထိ အမှန်ကုန်ကျစရိတ်များ အား ပြုစုပေးရန်<br>• NCS မှ Estimated Cost များအား ပြုစုပေးရန် | MOBD<br>NCS | |
| ၄ | EITI Implementation Structure Review အား **စက်တင်ဘာလ (၁၃) ရက်နေ့တွင်** ကျင်းပမည့် Work Plan and Governance Sub-committee အစည်းအဝေး တွင် အသေးစိတ်ထည့်သွင်းဆွေးနွေးရန် | WPG Sub-committee | |

| | | | |
|---|---|---|---|
| ၅ | • ၂၀၁၉ အတွင်းအကောင်အထည်ဖော်ရမည့် EITI လုပ်ငန်းစဉ်များတွင် Validation လုပ်ငန်းစဉ်မှ Corrective Actions များ၊ အစီရင်ခံစာများမှ အကြံပြုတိုက်တွန်းချက်များ၊ Extractive Sector SOE Reform လုပ်ငန်းစဉ်များအား ပေါင်း၍ ဦးစားပေးဆောင်ရွက်ရန်၊<br>• 2019 EITI Standard Awareness Raising နှင့် Project Level Reporting လုပ်ငန်းစဉ်များအား ဒုတိယဦးစားပေးဆောင်ရွက်ရန် | MSG<br>MOBD<br>NCS | |
| ၆ | ယခုလက်ရှိဘက်ဂျက်မှ Remaining Budget အပါအဝင် ဒေါ်လာ ၈၀,၀၀၀ မှ သုံးစွဲနိုင်ရန်အတွက် မူအရ သဘောတူထားသည့် လုပ်ငန်းစဉ်များ ( ၄ ကြိမ်မြောက် အစီရင်ခံစာ ထုတ်ပြန်ကြေညာခြင်း အခမ်းအနား၊ ၄ ကြိမ်မြောက်အစီရင်ခံစာနှင့် ၂၀၁၉ စံနှုန်း ဘာသာပြန်ခြင်းနှင့် ပုံနှိပ်ခြင်း၊ ဒုတိယအကြိမ် SOE အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းအပါအဝင်) အကောင်အထည်ဖော်ရန် NCS မှ ခန့်မှန်းကုန်ကျ စရိတ်အား ပြုစု၍ Work Plan and Governance Sub-committee သို့ ဖြန့်ဝေရန်<br>• ယင်းသဘောတူထားသည့် လုပ်ငန်းစဉ်အသေးစိတ်အား အစည်းအဝေးဆုံးဖြတ်ချက်နှင့်အတူ ပူးတွဲဖြန့်ဝေရန် | WPG Sub-committee<br><br>NCS | |
| ၇ | ဒုတိယအကြိမ် SOE အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရန်အတွက် အစည်းအဝေးနေရာတစ်နေရာသတ်မှတ်၍ ဌာနများအား အလှည့်ကျ ကြိုတင်ဖိတ်ကြားဆွေးနွေးရန်<br>• ဖိတ်ကြားရာတွင် ဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ အဆင့်တာဝန်ရှိသူများ ပါဝင် တက်ရောက်ရန်<br>• အောက်ပါအရပ်ဘက်ကိုယ်စားလှယ်များမှ အလှည့်ကျ ပါဝင် တက်ရောက်ရန် -<br>○ ဒေါ်မိုးမိုးထွန်း<br>○ ဦးဝင်းမျိုးသူ<br>○ ဦးကျော်သူ<br>○ ဦးရဲလင်းမြင့်<br>○ ဦးသန့်ဇင်<br>○ ဦးထူးအောင် | MSG<br>MOBD<br>NCS | |
| ၈ | ဒုတိယအကြိမ် SOE အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၂-၃) ရက်များတွင် ကျင်းပရန်အတွက် လျာထားရန် | MSG<br>NCS<br>NRGI | |

| | | | |
|---|---|---|---|
| ၉ | Mining Decentralization Briefing Workshop အား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၇-၈) ရက်များတွင် နေပြည်တော်တွင် ကျင်းပရန် အတွက် လျာထားရန် | MSG<br>MONREC<br>MATA<br>MOBD<br>NCS | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

နောက်ဆက်တွဲ (၁) အစည်းအဝေးတက်ရောက်သူများစာရင်း

| စဉ် | အမည် | တာဝန် | ဌာန | မှတ်ချက် |
|---|---|---|---|---|
| | | **အစိုးရကဏ္ဍကိုယ်စားလှယ်များ** | | |
| ၁ | ဦးကျော်သက် | DDG | DOM | |
| ၂ | ဦးကျော်ဇေထွန်း | GO | DOM | |
| ၃ | ဦးသန်းဌေးအောင် | Advisor | MOGE | |
| ၄ | ဒေါ်ကျန်းရှိန်လွန်း | Manager | MGE | |
| | | လုပ်ငန်းရှင် ကိုယ်စားလှယ်များ | | |
| ၅ | ဒေါက်တာစိန်ဝင်း | Chair | MFPTMA | |
| ၆ | ဦးမျိုးမင်း | Advisor | MFPTMA | |
| ၇ | ဦးသက်နိုင်ဝင်း | Secretary | MFMA | |
| | | **အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များ** | | |
| ၈ | ဒေါ်မိုးမိုးထွန်း | MSG | MATA | |
| ၉ | ဦးရဲလင်းမြင့် | MSG | MATA | |
| ၁၀ | ဦးနိုင်လင်းထွဋ် | MSG | MATA | |
| | | **World Bank နှင့် MOBD** | | |
| ၁၁ | ဒေါ်ခင်ခင်လွင် | Director | MOBD | |
| ၁၂ | ဒေါ်သွယ်သွယ်ထွန်း | Deputy Director | MOBD | |
| ၁၃ | ဒေါ်ဖြူဖြူသန့် | Deputy Director | MOBD | |
| ၁၄ | ဒေါ်မိုင်ခင်နွေးရှိန် | SO | MOBD | |
| ၁၅ | Ms. Shona Skirkwood | Consultant | World Bank | |
| ၁၆ | Daw Tinzar Tun | Consultant | World Bank | |
| | | **ညှိနှိုင်းရေးမှူးရုံး (NCS)** | | |
| ၁၇ | ဒေါ်ဇင်မာမြင့် | Technical Advisor | NCS | |
| ၁၈ | ဦးထွန်းပေါ်ဦး | Technical Specialist | NCS | |
| ၁၉ | ဒေါ်အေးချမ်းဝေ | Technical Officer | NCS | |
| ၂၀ | ဦးကျော်သင်းမောင် | Program Assistant | NCS | |
| ၂၁ | ဒေါ်ထက်နန္ဒာအောင် | Senior Communication Officer | NCS | |
| ၂၂ | ဦးဇင်ကိုကိုအောင် | Communication Officer | NCS | |
| ၂၃ | ဦးတက်ထွန်းဆိုင် | Admin Assistant | NCS | |
| ၂၄ | ဦးသန့်မြဝင်း | Intern | NCS | |

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org